
# ငြမ်း (အလုပ်ကြမ်းပြင်) တပ်ဆင်ခြင်း


## (၁)ဘောင်ငြမ်း





**လိုက်နာရန်အချက်**

① ၁။ငြမ်းနှင့်အဆောက်အဦးကြားဖြတ်လျှောက်လမ်းကြောင်းထားရှိပါ။
② ၂။ငြမ်းပေါ်တွင်ပစ္စည်းများမထားရ။
③ ၃။အဆုံးတွင်အတားအဆီးထားရှိပါ။
④ ၄။ဒေါင်လိုက်ပိုက်ကွန်ကိုတပ်ဆင်ပါ။
⑤ ၅။အဆောက်အဦးဘောင်ဘက်တွင်အတွင်းပိုင်းပိုက်ကွန်(သို့)စကတ်ဘုတ်များတပ်ဆင်ပါ။
⑥ ၆။အဆောက်အဦးဘက်တွင်လည်းပဲလက်ကိုင်တန်းကိုတပ်ဆင်ပါ။
⑦ ၇။ခန်းပွင့်တစ်ခုတွင်အလေးချိန်၄၀၀ကီလိုဂရမ်အောက်သာထားရှိပါ။
⑧ ၈။လုပ်ငန်းခွင်ကြမ်းပြင်သည်အနည်းဆုံး၄၀စင်တီမီတာနှင့်ကွာဟမှုသည်၃စင်တီမီတာအောက်ရှိသင့်သည်။
⑨ ၉။အဆိုပါငြမ်းတွင်ကျဆုံးခြင်းကာကွယ်တားဆီးရေးပစ္စည်းကိရိယာများ (ဘေးကင်းလုံခြုံမှုခါးပတ်) ကိုသုံးပါ။

# (၂)ပိုက်တစ်ချောင်းတည်းပါငြမ်း




**ဆောက်လုပ်ရေးဆိုက်**




## လိုက်နာရန်အချက်

① ၁။ နံရံချိတ်ဆက်မှုကိုစနစ်တကျတပ်ဆင်သင့်သည်။

② ၂။လုပ်ငန်းခွင်ကြမ်းပြင်သည်အနည်းဆုံး ၄၀ စင်တီမီတာနှင့်ကွာဟမှုကို ၃ စင်တီမီတာအောက်ရှိသင့်သည်။

③ ၃။ကန့်လန့်ဖြတ်အထိန်းတန်းကြီးသည်အဆောက်အဦး၏နေရာအားလုံးနှင့်ထိစပ်နေရမည်။

④ ၄။မတင်သည့်ကိရိယာများကိုသေချာစွာတပ်ဆင်ပါ။

⑤ ၅။ဝန်ခံနိုင်ရည်အားကိုမြင်သာစွာပြထားပါ။

⑥ ၆။ငြမ်းပေါ်တွင်ပြုတ်ကျခြင်းကာကွယ်သည့်ကိရိယာ(လုံခြုံရေးအစီအမံ)ကိုအသုံးပြုပါ။

⑦ ၇။ခန်းပွင့်တစ်ခုတွင်အလေးချိန်၄၀၀ကီလိုဂရမ်အောက်သာထားရှိပါ။

# (၃)အလုပ်ကြမ်းပြင်




## လိုက်နာရန်အချက်

① ၁။ဝန်ခံနိုင်ရည်အားကိုပြသပါ။


② ၂။အောက်ခံဘုတ်ပြားတပ်ဆင်ပါ။

③ ၃။လုပ်ငန်းခွင်ကြမ်းပြင်သည်အနည်းဆုံး၄၀စင်တီမီတာနှင့်ကွာဟမှု၃ စင်တီမီတာအောက်ရှိသင့်သည်။

④ ၄။ကြမ်းပြင်နှင့်တည်ဆောက်မည့်မြေကြီးကြားအကွာအဝေးသည်၁၂စင်တီမီတာအောက်ရှိရမည်။

⑤ ၅။အမြင့်၈၅စင်တီမီတာအထက်ရှိသောခိုင်မာသည့်လက်ရန်းများတပ်ဆင်ပါ။

# (၄)ငြမ်း(အောက်ပိုင်း)




**လိုက်နာရန်အချက်**


① ၁။ငြမ်းထောက်အောက်ခံသစ်သားပြား

② ၂။ဂျိုက်အောက်ခံပြားနှင့်ငြမ်းအားသံဖြင့်ရိုက်ခြင်း၊အောက်ခြေကိုပိုက်ဖြင့်ထောက်ခံခြင်းများပြုလုပ်ပါ။

③ ၃။မျက်နှာပြင်တစ်ခုလုံးတွင်အထိန်းများတပ်ဆင်ထားပါ။

④ ၄။နံရံများကိုသေချာချည်နှောင်ထားပါ။

# (၅)အုတ်ကြွပ်ခေါင်မိုးတပ်ဆင်ခြင်းလုပ်ငန်း




## လိုက်နာရန်အချက်

① ၁။ခေါင်မိုးပေါ်တွင်ပစ္စည်းများထားရှိပါက၊ငြမ်းပြားကိုခင်းပြီးမှထိုအပေါ်တွင်ပစ္စည်းတင်ပါ။


② ၂။ခြေနင်းပြားအကျယ်သည်၃၀စင်တီမီတာအထက်ရှိရမည်။

③ ၃။ခေါင်မိုးပေါ်သို့သွားသည့်လမ်းကြောင်းတပ်ဆင်ပါ။

④ ၄။ပြုတ်ကျခြင်းကာကွယ်သည့်ကိရိယာ(လုံခြုံရေးအစီအမံ)သုံးပါ။ ၀

⑤ ၅။ရေပြင်ညီပိုက်ကွန်တပ်ဆင်ပါ။

# (၆)ရွေ့လျားလှေကား




**လိုက်နာရန်အချက်**


① ၁။လှေကားအစောင်းသည်၇၅ဒီဂရီထားရှိရမည်။

② ၂။လှေကားအပေါ်အစွန်အား၆၀စီတီမီတာအကျော်ထုတ်ထားရမည်။

③ ၃။ပြုတ်ကျခြင်းကာကွယ်သည့်အစီအမံယူပါ။

④ ၄။လှေကာခြေနင်းအကျယ်သည်၃၀စင်တီမီတာအကျော်ရှိရမည်။

# (၇)လည်ပတ်နိုင်သောတာဝါ




## လိုက်နာရန်အချက်


① ၁။သတ်မှတ်ထားသောအလေးချိန်အားကျော်လွန်၍မတင်ရ။

② ၂။တာဝါပေါ်တွင်လှေကားအသုံးပြုခြင်းမပြုရ။

③ ၃။အလုပ်သမားတက်လျက်အနေအထားဖြင့်ရွှေ့ခြင်းမပြုရ။

④ ၄။ရပ်ထားသောအခါလော့ခ်သေချာချ၍မြှင့်တင်ကိရိယာအားသေချာကျပ်ထားပါ။

## (၈)အမြင့်ပိုင်းနေရာအလုပ်အတွက်ယာဉ်



**လိုက်နာရန်အချက်**

① ၁။ယာဉ်ပေါ်မှလိုက်ပါသောသူသည်ကျဆုံခြင်းကာကွယ်သည့်ကိရိယာ(လုံခြုံရေးခါးပတ်)ကိုစနစ်တကျဝတ်ဆင်ထားပါ။

② ၂။ယာဉ်ပေါ်တက်ပြီးသည်နှင့်တစ်ပြိုင်နက်လုံခြုံရေးခါးပတ်ကိုလက်ရန်းတွင်ချက်ချင်းချိတ်ပါ။

③ ၃။ရွေ့လျားခြင်းမပြုမီပလက်ဖောင်းကိုအနိမ့်ဆုံးအနေအထားသို့လျှော့ချပါ။

④ ၄။ယာဉ်ပေါ်လူတက်လျက်ယာဉ်အားရွေ့ခြင်းမပြုရ။

⑤ ၅။ယာဉ်မောင်းနှင်ရန်အောက်ပါအရည်အချင်းများလိုအပ်သည်။

| | ကျွမ်းကျင်မှုသင်တန်း | အထူးပညာရေး |
|---|---|---|
| အလုပ်ကြမ်းပြင်အမြင့်၁၀မီတာနှင့်အထက်လုပ်ငန်းအတွက်မောင်းနှင်မှု | ○ | |
| အလုပ်ကြမ်းပြင်အမြင့်၁၀မီတာအောက်လုပ်ငန်းအတွက်မောင်းနှင်မှု | ○ | ○ |